# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# ၂၁ ရက်မြောက်နေ့အစီအစဉ်
# [ ၄-၃-၂၀၁၃ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနက သတင်းထုတ်ပြန်မှုများရှိသော်လည်း ထိရောက်မှုနည်းပါး၍ အန္တရာယ်ဖြစ်စေသည့် အရာများပိုမိုများပြားလာနေသည့်ကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးစိုင်းသိန်းအောင်၊ တာချီလိတ် မဲဆန္ဒနယ်၏ **တစ်ဖက်နိုင်ငံတွင် တရားဝင်ဆေးကုသရင်း သေဆုံးသူ၏ သက်မဲ့ရုပ်ခန္ဓာအား မိမိနိုင်ငံအတွင်းသို့ လွယ်ကူစွာ ပြန်လည်သယ်ယူနိုင်ရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ဂ ) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ်(မြောက်ပိုင်း)အပါအဝင် တစ်နိုင်ငံလုံးမှ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေမှုများ နှိမ်နင်းပပျောက်ရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုးဝင်း၊ ကျောက်တံတား မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးအောင်ဆန်း၊ ပန်းဘဲတန်းမဲဆန္ဒနယ်၏ **ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၁၈/၂၂)၊ မြေညီထပ် မြေနှင့်အဆောက်အဦကို သက်ဆိုင်ရာမှ မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးအောင်ကြိုင်၊ ညောင်ဦး မဲဆန္ဒနယ်၏ **တစ်နေ့တစ်ခြားတက်လာသော အခြေခံစားကုန်ဈေးနှုန်းများ တည်ငြိမ်စွာဖြစ်စေရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ပြည်သူ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် စံစားခွင့်အရပ်ရပ်ကို အချိန်ကာလအလိုက် ပြန်လည်စိစစ်၍ လိုအပ်သလို ပြင်ဆင်တိုးမြှင့် စံစားခွင့်ပြုနိုင်ရေး** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ထုတ်ပြန်သော **''စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ''** ဖြန့်ဝေထားရှိမှုအား လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၇။ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော **"ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေ"** ဖြန့်ဝေထားရှိမှုအား လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၈။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းမည့် **"မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်း"** ကို ရရှိကြောင်းနှင့် ဖြန့်ဝေထားရှိမှုအား လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၉။ ပြန်ကြားရေးဝန်ကြီးဌာန က တင်သွင်းမည့် **"ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်း"** ကို ရရှိကြောင်းနှင့် ဖြန့်ဝေထားရှိမှုအား လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **" ၂၀၁၂ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်း၊ အမည်စာရင်းတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၁။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **“ ၂၀၁၂ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေကြမ်း ”** နှင့်စပ်လျဥ်း၍ လွှတ်တော် နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး ဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း နှင့် ပြည်သူ့ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၂။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၂၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၂ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။